
SAMPLE BOOK

# ရှက်ကြော
# ပိုးစခင်း
# ဆိုင်းညိုဆွေး



mgyoe.com

mgyoe.com SAMPLE BOOK



နေရစ်ခဲ့တော့လေ ...

ဒီမျက်နှာမှဲ့ကတော့
လွဲနေကျ ရာဇဝင်တွေကို မွေ့ပိုက်
ခမ်းနားခြင်းမရှိတဲ့ နေ့တွေမှာ
ရင်ဘတ်ကို  ဓာတ်မှန်ရိုက်ကြည့်ရဦးမယ်။
ဘယ်လိုပဲ ပင့်သက်ရှိုက်ရှိုက်
ဓာတ်သိမ်းဖို့ တိုက်ထားတဲ့ တီးလုံးက မြန်မာပါပဲ
ကဲ ပြန်ပါဦးမယ်
နှုတ်ခွန်းဆက်ပါတယ်။

နက္ခတ်ကြွေ ပျိုးခင်း ( ခွန်းညိုသွေး )
9 782023 000434


mgyoe.com

COVERDESIGN : NAYMYOSAY

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၄၃)

## ပုံနှိပ်မှတ်တမ်း



# ခွန်းညိုသွေး

## နက္ခတ်ကြွေ ပျိုးခင်း


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ

မျက်နှာဖုံးဒီဇိုင်း ♦ နေမျိုးဆေး

အတွင်းဒီဇိုင်း ♦ ပိုင်နိုင်အောင်

ထုတ်ဝေသည့်အုပ်ရေ ♦ ၁၀၀၀

စာအုပ်တန်ဖိုး ♦ ၄၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး
ဗိုလ်ချုပ်လမ်းနှင့်အနော်ရထာလမ်းကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ ကိုလတ်စာပေ
အမှတ် ၂၀၊ ၃၁ လမ်းအထက်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၅၀၂၀၀၆၇၊ ၀၉ ၈၈၅၀၂၀၀၆၇၊ ၀၉ ၂၆၅၀၂၀၀၆၇

ခွန်းညိုသွေး
နက္ခတ်ကြွေ ပျိုးခင်း / ခွန်းညိုသွေး။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၂၀၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၄၃) နက္ခတ်ကြွေ ပျိုးခင်း


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

ကြောဖြစ်ဖို့အတွက်
ဒီနက္ခတ်တွေဟာ တိုက်တိုက်ဆိုင်ဆိုင် • ၄

ကံကော်ကြွေသံ • ၇

The Last Call • ၁၇

ရက်လွန်သစ်သီးများ • ၂၆

နက္ခတ်ကြွေ ပျိုးခင်း • ၃၃

ဒဏ်ရာထည့်အိတ် • ၄၇

နာကျင်ခြင်းနိုင်ငံတော် • ၅၄

လူတွေကို မချစ်ချင်တော့တဲ့အခါ
သစ်ပင်လေးတွေ စိုက်မယ် • ၇၀

မရှာသွန်းတတ်သော... • ၇၅

အလင်းမြို့တော် • ၈၅

သာမန်လွဲချော်မှုများ • ၉၂

ဖဲကြိုး • ၉၉

အရောင်လွင့် နေ့ညတွေထဲက
အိမ်ပြန်ခဲ့ရတဲ့ စက်တင်ဘာ • ၁၀၈

တစ်ခုသော နွေနေ့လယ်ခင်း
(သို့မဟုတ်) • ၁၁၅
ကိုယ်ရေးအကျဉ်း

mgyoe.com

mgyoe.com SAMPLE BOOK

ကြွေဖြစ်ဖို့အတွက်...
ဒီနက္ခတ်တွေဟာ တိုက်တိုက်ဆိုင်ဆိုင်

ကျွန်တော် ကဗျာစာအုပ်ရယ်လို့ မထွက်တာ ၂၀၁၉ နောက်ပိုင်း ၄ နှစ် ရှိပါပြီ။ ကြားထဲမှာ ဝတ္ထုတို အက်ဆေးနဲ့ လုံးချင်းဝတ္ထုတွေ ထွက်ဖြစ်တယ် ဆိုပေမယ့်လေ။

ရှေ့ဆက်လည်း ထွက်ဖို့အစီအစဉ် မရှိလို့ လာမေးသမျှသူတွေကို ငြင်းဖြစ်ပါတယ်။ ပြည့်အာကာနဲ့က သူ စာရိပ်မြိုင် မစတင်ခင်တည်းက ခင်တာပါ။ တိုတိုပြောရရင် သူ စာမူလာတောင်းတယ်။ ကိုယ်က လည်း တစ်နှစ်တစ်အုပ်လောက် ထွက်နေတဲ့အပြင် မရှိဘူး။ အဲဒီမှာ "ကိုခွန်းကဗျာတွေ ထုတ်ချင်တယ်" လို့ ပြောလာတော့ ကိုယ်လည်း အစက ငြင်းဖြစ်ပါတယ်။ ကျန်တဲ့သူတွေက လာမေးလို့ ငြင်းလိုက်ရင် ပြန်သွားပေမယ့် သူက "ကိုခွမ်း လို့" ကိုယ်ကလည်း "ဟင့်အင်း လို့"နဲ့ သူက လာမေး၊ ကိုယ်က "ကိုခွန်းမယ် မရှိဘူး" ငြင်းနေရာကနေ သူက ဗွဲတွေကောင်းတယ်။ အဲဒါ ၃ခါ ၄ခါလောက် ရှိလာတော့ အားနာလာရော။ ငါ ဘာပေးစရာ ရှိမလဲလို့ တွေးတယ်။ သူ့တိုက်အတွက်ဆိုလည်း တင့်တယ်မယ်၊ ငါလည်း ငါ့အတွက် အမှတ်တရဖြစ်စေမယ့် ငါ လုပ်ချင်တာ ဘာရှိမလဲ ဆိုတော့ ကဗျာရှည်တွေကို သတိရမိတယ်။ ကဗျာ

mgyoe.com

mgyoe.com SAMPLE BOOK

အရှည်တွေဟာ တစ်နှစ်၊ တစ်လတည်း ရေးခဲ့တာမျိုး မဟုတ်ဘူး။ တောလမ်းခရီးလို အတက်အကျ အနိမ့်အမြင့်တွေနဲ့ ကျွန်တော့်ဘဝထဲက ကာလတွေမှာ အဖော်ပြုပေးခဲ့တာ။ ဒီထဲက "ကံ့ကော်ကြွေသံ"ဆိုရင် နယ်မြို့လေးမှာ ခရစ္စမတ်ညမတိုင်ခင် ဘုရားကျောင်းက ဘုရားသီချင်းသံတွေကို နားထောင်ရင်းနဲ့ ဆောင်းညအေးအေးမှာ ရေးဖြစ်ခဲ့တယ်။ ဘဝရဲ့ဖြေသိမ့်ရာ ကြည်နူးရာ စိတ်တက်စိတ်ကျဖြစ်ပေါ်ရာ ခရီးအရှည်ကြီးတွေလိုမျိုး ကျွန်တော် ရေးခဲ့တယ်။ အဲဒါနဲ့ ကျွန်တော် သူ့ကို စာအုပ် ၂ အုပ်စာ ပြလိုက်ပါတယ်။ ပြီးတော့ "ညီလေး မင်း ဖတ်ကြည့်၊ ကဗျာကျွမ်းကျင်သူနဲ့ တိုင်ပင်၊ ထုတ်ချင်မှ ထုတ်"လို့ ပြောလိုက်တော့ သူ ဖတ်ကြည့်ပြီး ဒီ 'နက္ခတ်ကြွေ ပျိုးခင်း'ကို ထုတ်ချင်တယ် ကိုဥ္စန်း' ဆိုပြီး ရွေးတယ်လို့ လာပြောပါတယ်။ (ပန်ဖလက်ထဲက နက္ခတ်ကြွေပျိုးခင်းဟာ ဘဝရဲ့ပထမဆုံး ကဗျာရှည် ဖြစ်ခဲ့လို့ ခေါင်းစဉ်အဖြစ် သုံးထားပါတယ်။) ထွက်ပြီးသားစာအုပ်တွေထဲက ကဗျာအရှည်တွေကို ပြန်စုစည်းတာ ၅ ပုဒ်၊ ပုံမနှိပ်ရသေးတာ ၈ ပုဒ် ပါပါတယ်။ အွန်လိုင်းပေါ်တော့ တင်ပြီးသားတွေပါ။ ကျွန်တော့်အတွက် အဖော်ပြုပေးရာဖြစ်ခဲ့တာတွေဟာ

mgyoe.com

mgyoe.com SAMPLE BOOK

သူငယ်ချင်းတို့အတွက်လည်း တစ်ခုခု အဖော်ပြုစရာ အဖြစ် ရရှိလိမ့်မယ်လို့တော့ မျှော်လင့်ပါတယ်။ ဆရာ နေမျိုးဆေးရဲ့ အပုံးလေးဖြစ်တာကလည်း ဘဝရဲ့မျှော် လင့်ရာတွေထဲက တစ်ခုပါပဲ။

ကိုယ် လိုချင်တဲ့ဖောင့်၊ စာအစီပ်အကျဲ၊ စာပိုဒ် အထားအသိုကို အကုန်ရအောင် စီစဥ်ပေးတဲ့ စာရိပ် မြိုင်ရဲ့ ညီလေး ပြည့်အာကာကို ကျေးဇူးအထူးတင် ရှိပါတယ်။ (စာအုပ်တန်ဖိုးကို ဈေးမကြီးချင်ဘူးလို့ မလုပ်ရသေးခင် ကြိုဈေးဆစ်ထားတယ်။ ထုတ်ပေးချင် စရာလေး) အဲဒီအတွက် ကျွန်တော် စာမူခကိုလည်း လျှော့ယူထားပါတယ်။ ဒီစာအုပ်အတွက် ကျွန်ချင်တာ အမှတ်တရတစ်ခုပါပဲ။

မိတ်ဆွေများကို မှာချင်တာက ဒီစာအုပ်ကို ဖြည်းဖြည်းချင်း နည်းနည်းချင်း ဖတ်ပေးပါ။ များများ ခံစားပေးပါ။

*သင်တို့ရဲ့ချစ်လှစွာသော...*

mgyoe.com

mgyoe.com SAMPLE BOOK

# ဂ်ကော်ကြွေသ်

—

အခုတော့ စိတ်ရှိသမျှ ကျခဲ့တဲ့နင်းတွေမှာ
ရွက်အကြွေလေးတွေ တဆတ်ဆတ်တုန်ခါနေပြီ။

အားလုံးကို ပြီးပါပြီလို့ ပြောတုန်းက
ရှုံးပေမယ့်လည်း လက်ဆွဲနှုတ်ဆက်ခဲ့ရတဲ့ ကစားသမားလို
ကျွန်တော် ပြုံးပြခဲ့ပါတယ်။

နာလန်မထူရခြင်းအကြောင်းတွေကို
တချိန်ချိန်အိုမင်းသွားမယ့် အဘိုးအိုတစ်ယောက်ရဲ့
ကွေ့ကွေ့ကောက်ကောက် အရေးကြောင်းတွေမှာဖြစ်ဖြစ်
အားယူပြီး ထရတဲ့ တုတ်ကောက်လေးမှာဖြစ်ဖြစ်
မှတ်သားလောက်အောင် သိမ်းဆည်းရစ်ပါမယ်။

mgyoe.com

m gyoe.com SAMPLE BOOK

ဇရာဟာ အရာရာကို ခြွေချမသွားနိုင်ကြောင်း
အိမ်ခေါင်မိုးအဟောင်းလေးပေါ် ကြွေတဲ့ ကြယ်လေးကို ပြောမယ်
ဘာလို့လဲကွယ်
ပြန်မသွားနိုင်တော့တဲ့ ကောင်းကင်ငိုမှာစိုးတဲ့အတွက်
ဘဝပျက်တဲ့ကြယ်က စိုးရိမ်ပေးရဦးမလား
ရင်ဘတ်က ပေါက်ကျလာတဲ့ စကားတွေမှာ
တစ်ယောက်ယောက်ပန်ဆင်စေဖို့ ပန်းတွေ
ကောက်သွားချင်သေးတယ်။

ရှုးသွပ်သမျှဟာ ကဗျာထဲက ကံ့ကော်ပန်းတွေ
ရင်ခွင်မဲ့တဲ့ ကန္တာရကို
တဖြုတ်ဖြုတ်ကြွေကျဖူးတဲ့အကြောင်း
မတန်မရာ မခန့်လေးစား ပြောပါမယ်
နွားကျောင်းသားတို့
မကျောင်းရသေးတဲ့ စားကျက်လွင်ပြင်လို
စိမ်းစိုလတ်ဆတ်မှုတွေ ပေးသော
မြက်ခင်းရဲ့ အေးမြမှုလို
ဘဝကို ခင်းချပေးထားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


နင်းသွားသမျှ အေးပါစေကြောင်း
ခေါင်းပေါ်က ပန်းလေး ဖြစ်မပေးရလို့
တောင်းပန်မှုပါ အပိုဆောင်းပေးလိုက်တယ်
ကိုးပြစ်ရှိလည်း ကျေပါ
ဆယ်ပြစ်ရှိလည်း ကျေပါကွယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘဝမှာ တခုတ်တရ ချစ်ခဲ့ဖူးပါတယ်
ပျော်ရွှင်ခြင်းကို ရွှေရောင်တွေ လူးခဲ့သော
ပုရစ်ဖူးတွေရဲ့ နသစ်လတ်ဆတ်ခြင်းမှာ
သူ့မျက်နှာကို မြင်တွေ့ရခြင်းတွေလည်း ပါတယ်
အဲဒီနေ့တွေပေါ့
အဲဒီညတွေပေါ့။

အလွမ်းရဲ့ ဘာသာဗေဒကို
ပုဂံခေတ် တစ်ဝဂ္ဂရဲ့ ထွက်ပေါက်ဝလို
ဒီလူရဲ့ အသက်ရှူရခြင်းအကြောင်းမို့
လပြည့်ညမှာ ကြားရတဲ့ စောင်းသံလိုပါပဲ
လက်တွေဟာ တုန်ရင်စွာ မီးကို တီးခတ်မိ
ပိုးလည်း မကုန်သလို မောင်ပုံလည်း စောင်းမတတ်ခဲ့ပါဘူး။

လူတွေဟာ သင့်ရာနင့်တော်ရာကိုသာ ချိတ်ဆွဲကြောင်း
ဓမ္မရုံကြီးဘုရားက စုံတွဲရုပ်လေးကို
ဘေးနားက ဘီလူးရုပ်လေးခမျာ
ဆို့ဆို့နင့်နင့်နဲ့ပဲ
သတိပေးအကြောင်းကြားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK



လက်ညှိုးတွေ ဘယ်လောက်ထိုးတဲ့ ပြဇာတ်ဖြစ်ဖြစ်
အမြဲတမ်း သမိုင်းတွင်နေရစ်မြဲ လူဆိုးဟာ
စထွက်ခဲ့တဲ့ပြည့်ကို
မြားအစင်းစင်း နစ်ဝင်ပြီး ပြန်မယ်။
ဘယ်သူမှ သိစရာမလိုဘူးလို့
ဆုထူးကိုပဲ ပန်ခဲ့ရသလိုလို
ညှိုးစိုသော ကံ့ကော်ပွင့်လေးရဲ့အေးမြခြင်းမှာ
ကျွန်တော့်ရဲ့ ချစ်မေတ္တာတွေကို ထည့်ထားခဲ့ပါသလား
အဲဒီလို ထင်မှတ်မှားခြင်းတွေအပေါ်
ဝတ်ဆံတွေရဲ့ ဂုဏ်သိမ်ကြီးစွာ ဟားတိုက်ရယ်မောခံရခြင်းမှာ
အနာဂတ်ကို ရေစီးအတိုင်း မျှောလိုက်တယ်။

မောရပြန်ပါတယ်
ဘယ်သူမှ မပန်တဲ့ဆုကို
သူ့နှုတ်ဖျားက ရွတ်ပါစေလို့ တမိခြင်းဟာ
အစစအရာရာ မှားယွင်းခဲ့ပေါ့။

mgyoe.com

mgyoe.com
SAMPLE BOOK

ချစ်မိသူဟာ အရှုံးပဲ
ချစ်မိသူဟာ အရှုံးပါပဲလို့
ထစ်ချုန်းတဲ့ ရာသီဥတုက မြည်တယ်
အေးခဲစွတ်စိုတဲ့ နှင်းစက်က
အထီးကျန်ရခြင်းကို နားလည်ပါတယ်လို့
ဘယ်လိုပဲ လည်ပင်းဖက်ပြီး ပေါင်းလည်း
ဇာတ်သိမ်းချိန်ဟာ ဘယ်လိုအကြောင်းနဲ့မှ
ဆုံစည်းခွင့်ကို ပေါင်းမထည့်ဘူး။
ဘာမှ မဖြစ်ပါဘူး
ဘာမှ မဖြစ်ပါဘူး
အစတည်းက ဘဝကြေးပဲ လောင်းတာပါ။
ဘာမှလည်း မရှိတော့ပါဘူး
အမြဲတမ်းလည်း ရှိနေမှာပါ။

စွန့်လွှတ်ရတယ်ဆိုလည်း
အစတည်းက လိုချင်မျက်စိရယ်လို့
လောဘလည်း မတက်မိသူပါ။

မီးစာတစ်ဖက်ကို ရေမှုတ်တစ်ဖက်နဲ့
ပူသမျှကိုမေ့ အေးသမျှကိုသာ တွေ့ခဲ့ရသူပါလို့
မက်မက်စက်စက် ကျိန်ပါ့မယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ချစ်ခဲ့သူအကြောင်း ပုံပြင်တွေသာ ပြန်ပြောကြရင်
ကျွန်တော် ဖြတ်လျှောက်သရုပ်ဆောင်ခဲ့ရတဲ့
ကံ့ကော်ပုံပြင်လေးအကြောင်း
တစ်ထောင့်တစ်ညပြောပါရစေ။

မျက်နှာမပြရဲဘဲ
ပြေးခဲ့တဲ့ ညတွေအကြောင်းရောပေါ့
သတ္တိမရှိခဲ့တဲ့ ရာဇဝင်မှာ
မထင်မရှား တစ်နေရာရာ
ဖန်တီးရှင်သန်ခွင့်လေးတော့
အိပ်မက်တရေး နိုးလာသူလို မျှော်မိသေးတယ်။

ရွှေရောင်တောက်ပတဲ့ နေ့ရက်များလို့
တခမ်းတနား ရေးသားကြတဲ့အခါ
ကျွန်တော် ဖတ်ကြည့်ခဲ့ဖူးတဲ့ မျက်နှာပေါ်က
စကားလုံးအရိပ်လေးကို
လူတွေလည်း သိပ်မသိစေချင်ဘူး။

ရန့်တွေ ပေးခဲ့တဲ့ ကံ့ကော်ကြောင့်
ကန္တာရလို လူဟာ
ရပ်ပျက်ဆင်းပျက် ပျော်ဖူးတာ
ဘယ်သူမှ မသိရင်လည်း နေပါစေ။

mgyoe.com

mgyoe.com
SAMPLE BOOK

အလွမ်းကို ရှိသမျှခြုံလို့
လူပုံအလယ်မှာ ဘယ်သူမေးမေး
ကုံကော်ပွင့်လေးရဲ့ ဘယ်ဘက်ပါးက မှဲ့ကလေးမှာ
ကျွန်တော် မိုးလင်းကနေ မိုးချုပ် ဝေးခဲ့ရကြောင်း
ဝမ်းနည်းကြေကွဲစွာ မသိကြွေးပါဘူး။

ဘဝက ဒုက္ခတွေကို ထမ်းပိုးထားရသတဲ့
လေးနဲ့ မြားကို အားကိုးတဲ့ မုဆိုးဟာ
သားကောင်ကို သနားကြင်နာခြင်းတွေ ထားတတ်လို့
တစ်သံသရာလုံး ငတ်မွတ်ခေါင်းပါးရခြင်း။

ဘေးတွေ
ဘေးတွေ
တေးလို သီခဲ့ရပေါ့
ကမ်းလိုက်တဲ့ ဓားသွားဟာ ကျေကျေနပ်နပ်ပါပဲ
အရိုးကို လိုချင်လို့ အသားကိုလည်း ငြင်းလိုက်ပါတယ်
မိုက်မိုက်ရိုင်းရိုင်းပါပဲ။

mgyoe.com

mgyoe.com
SAMPLE BOOK

နွေတစ်ည မိုးတစ်ညမှာ
ဆွဲ့အသွားခဲ့တဲ့ မြေမျက်နှာပြင်ဟာ
အက်ကွဲ ပူကြွလို့
လှလှပပ ဝေဆာလာမယ့် ရှင်သန်မှုအတွက်
သစ်စေ့တစ်စေ့ကို ရင်ဘတ်ပေါ်မှာ တင်စိုက်ရင်း
နောက်ဘဝအထိ ရှုမျှော်ခင်းတွေကို စောင့်ခဲ့တယ်။

ကန္တာရပါလို့ ပြောပေမယ့်
ကုန်သွားတဲ့ တောမှာ
တစ်ပင်ကနေ တစ်တောလုံး ရဖို့
တသသဖြစ်ရခြင်းတွေ စိုက်ခဲ့တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ရှို့လိုက်ရတဲ့ သစ်ရွက်ခြောက်တွေဟာ
တောတွေကို တောက်လျှောက်လောင်ရပ့ါမလား
ကိုယ့်ကိုယ်ကိုယ် အတန်တန်တားခဲ့လည်း
ဒီလောင်ကျွမ်းမှုမှာ မီးခိုးတွေ များခဲ့ပြီ။

ဘဝမှာ လူတစ်ယောက်ကို သတိရမိတဲ့အကြောင်း
ဘယ်ရာသီအကူးအပြောင်းမှာမှ
ဖျားဖျားနာနာ ပြောဆိုနိုင်ပါမလဲ
ချောင်းဆိုးရင် ပါးစပ်ကို အုပ်ရတဲ့ လက်ကိုင်ပဝါလေးသာ
ကူးစက်ခံရတဲ့ ပိုးအရေအတွက်ကို သိပါလိမ့်မယ်။

လူတွေဟာ ရွံ့သလို ရှောင်သလို ဖဲကြဉ်ကြခြင်းမှာ
ကျွန်တော့်ရဲ့ တစ်ချိန်က ကံ့ကော်ပွင့်လည်း ပါဝင်သပေါ့
မကူးစက်ပါစေနဲ့ကွယ်
ရောဂါရဲ့ အတိမ်အနက်ကို
နှလုံးသားပျက်ဖူးသူက ပိုသိတယ်။

ကျွန်တော်ဟာ မဝေးမနီးသော အရပ်ဒေသမှာပေါ့
ကျွန်တော်ဟာ မြင်အပ်  မမြင်အပ်သော နှစ်ရပ်မှာပေါ့
ကျွန်တော်ဟာ သူ့ရဲ့ရပ်ပြစ်ရှစ်ပါးထဲက ဆိုးဆိုးရွားရွား တစ်ပါးပေါ့
ငါးပါးသီလကျိုးမှာ စိုးရိမ်သလိုမျိုး
ကျွန်တော့်ကို ရှောင်ကြဉ်ခြင်းမှာ ခါးဝတ်ပုဆိုးလို မြဲပါ။ ။

■ ■ ■

mgyoe.com

mgyoe.com SAMPLE BOOK

# *The Last Call*

ကိုယ့်ကို ချစ်ကြသူတွေဟာ
ကိုယ့်ကို စိတ်လည်း ချပါတယ်။
ကိုယ်တစ်ယောက်တည်း အဆင်ပြေနိုင်မယ်လို့
တွေးတဲ့နေရာမှာ
ညှိစရာ မလိုအောင် ညီကြတယ်။

ဘယ်ရာသီမဆို သစ်ခြောက်ပင် တစ်ပင်ပါ
ရေသောက်မြစ်တွေ ခမ်းနေကျသူဟာ
ရေဆာတဲ့ ဆန္ဒလေးကအစ သိမ်ငယ်ရတယ်။

လွမ်းနေလို့ အားတင်းရတယ်ဆိုတာက
နာလန်ထစလူလိုပဲ
ရပ်တည်ဖို့ သိပ်ခက်ခဲတယ်။

ဟာသတွေ တောက်လျှောက်ပြောတဲ့အခါ
မျက်လုံးက မရယ်နိုင်တာကို မေ့ထားရတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

မင်းထက် ကံဆိုးတဲ့သူတွေ အများကြီးပါကွာလို့
အားတင်းတဲ့ကောင်လည်း
တစ်ခါတလေ ပုန်းကွယ်ငိုစရာ ချောင်တစ်ချောင် လိုပါတယ်။

ကိုယ့်အတွက် ဘယ်ကြယ်မှ မကြွေပေးဘူးဆိုတာကတော့
မွေးရာပါ အသိပါ။

mgyoe.com

mgyoe.com
SAMPLE BOOK


မပေးကမ်းတဲ့အခါ၊ မရရှိတဲ့အခါလည်း
ကိုယ့်လက္ခဏာရေး ပါးလျားမှုတွေပါပဲ။

ကိုယ်ဟာ ဒဏ်ရာတွေကို ကျော်လွှားနိုင်မှာပါလို့
သူတို့တွေ ဘယ်လို အင်အားမျိုးနဲ့ တွေးခဲ့ကြသလဲလေ။

ရှုံးနေရင် ထပ်ရှုံးရမယ်
သင်္ကေတရာဇ်တွေ ဘယ်လိုပြောင်းပြောင်း
အဲဒီခေါင်းလောင်းတွေပဲ အသံမြည်တယ်။

လူဟာ နာကျင်ခြင်းရှိတဲ့ သတ္တဝါပါပဲကွယ်
သီချင်းထဲကလို 'မင်း သိဖို့ ကောင်းတယ်'
လောကဓံက ခံနိုင်ရည်စမ်းသပ်ဖို့
ချစ်ခြင်းမေတ္တာ ဆိုပြီး ရောက်လာတဲ့အခါ
ချစ်လှစွာသော လောကဓံလေးရေပေါ့
ဝင်လာသမျှတွေကို ငေးဖြစ်တယ်
ထွက်သွားတဲ့အခါလည်း အလိုက်တသိပဲ။

အသည်းကွဲတာ ဉာဏ်ရည်နည်းတဲ့သူအတွက်ဆိုရင်
ချစ်ခြင်းမေတ္တာချို့တဲ့နေတဲ့ လူ့လောကကြီးကရောလို့
ပြန် မ မေး ဖြစ် တော့ ဘူး ။

mgyoe.com

mgyoe.com
SAMPLE BOOK

စွန့်ပစ်လိုက်တဲ့သူက အိမ်ပြန်လာလို့ ရပေမယ့်
စွန့်ပစ်ခံရသူက အမှိုက်ပုံရောက်သွားတယ်။

ရှင်းပါတယ်။
ဒါပေမဲ့ ဉာဏ်ဟာ မလင်းဘူး။

အိမ်ကို မှတ်မိနေပေမယ့်
မကြုံဆိုတော့တဲ့လမ်းကိုပြန်ဖို့ တွန့်ဆုတ်စိတ်ဆိုတာ
အမြီးလေးယမ်းပြီး အားငယ်နေတဲ့ အိမ်မွေးခွေးလေးမှာ ရှိမယ်
တွေဝေတတ်တဲ့ လူယဉ်ကျေးတစ်ယောက်ဆီမှာ ဖြစ်ထွန်းမယ်။

နှစ်သိမ့်ဆုဟာ ရှုံးတာနဲ့ သိပ်မထူးတဲ့ဆုပဲ
လူတွေရဲ့ ကရုဏာကို အများကြီး ရတယ်။
ရှုံးတာတော့ ရှုံးတယ်။
ဒါပေမဲ့ ထိုက်တန်ပါတယ်ပေါ့။

နာကျင်ရင်း ပြုံးရတာ တကယ်လည်း မလွယ်ဘူး။
အခြားသော တောက်ပြောင်နေတဲ့ဘဝတွေဟာ
ညဘက် အိပ်ရေးမပျက်လို့ ထင်ပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကိုယ်ကတော့ ဘုရားသခင် မကြိုက်တဲ့ လူကလေးပေါ့
နတ်ဆိုးရဲ့ ကျိန်စာတွေ လက်သင့်ခံရာအရပ်ပေါ့
လူတွေရဲ့ စိတ်ပြေပျောက်ရာ ပစ်ပေါက်ဆော့ကစားလို့ရတဲ့
အားနည်းချက်လေးပေါ့။

မကစားဖို့လည်း မတောင်းပန်ချင်တော့ဘူး
အထိအခိုက်သက်သာဖို့ ဆုတောင်းနေကျပဲ
လူတွေအတွက် ပြီးပြည့်စုံမှုများဟာ
ကိုယ့်ရဲ့ ဒဏ်ရာပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

ချည်တဲ့ ကြိုးတိုင်း မြဲချင်တယ် ဆိုတာ
ပုထုဇဉ်တစ်ယောက်ရဲ့ တရားလက်လွတ် ဆုတောင်းမှုပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK



ယင်နားစတွေဟာ ကျန်းမာရေးနဲ့ မညီဘူး
ချစ်ခြင်းမေတ္တာဟာ ကျန်းမာရေးနဲ့ မညီဘူး
မပျော်ရွှင်ရခြင်းတွေဟာ ကျန်းမာရေးနဲ့ မညီဘူး
တစ်ယောက်ယောက်ရဲ့ ဥပေက္ခာက ကျန်းမာရေးနဲ့ မညီဘူး။

လူတစ်ယောက်က အသည်းခွဲတာ ဖြစ်နိုင်တယ်ဆိုရင်
အခြားလူတစ်ယောက်က အသည်းကွဲတာ ဖြစ်နိုင်တာပဲ။

mgyoe.com

SAMPLE BOOK

ကံကံ၏ အကျိုးတွေ
ဝဋ်ကြွေးတွေ မဟုတ်ပါဘူး
ချစ်ခြင်းမေတ္တာဟာ အလှဆုံးလှောင်အိမ်ပဲ
အကျွမ်းကျင်ဆုံး အလမ္ပာယ်ဆရာပဲ။

ရပ်တန့်လို့ မရတဲ့အခါ ပျော်ရွှင်နေသေးလား
ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်တယ်။

ဝမ်းနည်းမှုကို လူသိမှာ ကြောက်တယ်
စိတ်ရဲ့အမှောင်ကို လူသိမှာ ကြောက်တယ်
မပျော်ရွှင်ရတာကို လူသိမှာ ကြောက်တယ်
သနားခံရရင် သေသွားနိုင်တာကို ကြောက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK 

ညက အေးလာတယ်
အထီးကျန်မှုတွေက အေးလာတယ်
မပျော်ရင် မပျော်တဲ့အကြောင်း ပြောရုံပါပဲ။

ဒါပြီးရင် ရပ်လိုက်တော့မယ်။ ။

■ ■ ■

mgyoe.com

mgyoe.com SAMPLE BOOK

## ရက်လွန်သစ်သီးများ

—

တရားဦး တရားထူးတွေလည်း ငါ မရချင်ပါဘူး
မတရားသဖြင့် ကောင်းမွန်နေတဲ့ လူဦးနှောက်ကိုတော့ ငါ မပျော်မွေ့ဘူး
တရားသဖြင့်ပဲ ရှုံးနိမ့်မယ်။

ဘဝကို လေတွေလို တိုက်ပစ်မယ်လို့ တွေးတဲ့နေ့ကတည်းက
ဘယ်မုန်တိုင်းကိုမှ ငါ မကြောက်တော့ဘူး
စောက်ရှုံးလူအဖွဲ့အစည်းမှာ အပြစ်တင်တာရယ်
ဝေဖန်ထောက်ပြတာရယ်
စိုးရိမ်မိပါတယ်ရယ်က လွဲရင်
ဘာတွေများ ထူးထူးခြားခြား လုပ်လို့ရလို့လဲ
လူကောင်းတွေ မြန်မြန်သေကြတဲ့ကမ္ဘာမှာ
ငါရော မင်းပါ ကျန်ခဲ့တာ ဘာကြောင့်လို့များ
မင်းက ထင်နေလဲ။

mgyoe.com

mgyoe.com
SAMPLE BOOK


ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူးလို့ ပြောရင်း
ငါတို့ ပြုံးပြတယ်
မိတ်ဖွဲ့တယ်
လက်ဆွဲနှုတ်ဆက်တယ်
လက်သီးနဲ့ ထိုးတယ်။

သူများတကာရေးထားတဲ့ ကဗျာကို
တကူးတက ဟဟ သွားပေးတယ်။

ဘဝမှာ စောက်ပေါတွေ အများကြီးပဲလို့ သိတဲ့နေ့က
ငါ အတော်လေး ဝမ်းနည်းသွားပါတယ်
ငါ့ဖြစ်တည်မှုက ထူးမခြားနားပါပဲလို့
သိသွားချိန်နဲ့ မရှေးမနှောင်းပေါ့။

ပင်လယ်ဘက်ကို ထွက်မယ်
တောင်ထိပ်တွေဆီ ဆက်မယ်
ဒါပေမဲ့ ဘာနေရာမှာမှ မလွတ်မြောက်နိုင်မှန်း
သိလိုက်တဲ့အခါ ချီးပဲ လို့
စိတ်ပျက်လက်ပျက် ညည်းညူရင်း
ငါ လက်လျှော့လိုက်ပါတယ်။
စောက်ဖြစ်မရှိတဲ့ကိစ္စမှာ ငါက အဖြစ်ထွန်းဆုံးပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ငါက အရက်သောက်ပြီးရင် နောက်တစ်နေ့
တစ်နေကုန်ငိုနေတော့တာ
ဘဝမှာ နာစရာတွေဟာ အဲလို ချိန်ညှိလို့ရမှန်း
ငါ မသိဘူး
ဒါပေမဲ့ ငါ နောက်ရက်တွေကျ
မသောက်တတ်တော့ဘူး
ငါ့သူငယ်ချင်းတွေ ခေါ်တိုင်း ငါ ငြင်းတယ်
သမားရိုးကျ လိမ္မာယဉ်ကျေးမှုမှာ
ငါက လိမ်ညာအသားကျနေခဲ့ပြီ
မူးနေရင် ငါ့ယုတ်မာမှုတွေ အကုန်ပေါ်လာမှာ
လိမ္မာတယ်ဆိုတာ ကောက်ကျစ်ကြသူတွေရဲ့
ဖုံးကွယ်ထားတဲ့ မျက်နှာဖုံးတစ်ခုထက် မပိုဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK


ငါဟာ လူကောင်းသူကောင်းယောင် ဆောင်မယ်
အင်္ကျီအဖြူလက်ရှည် ဝတ်မယ်
လူကြီးလူကောင်းတစ်ယောက်ဖြစ်ဖို့
အင်္ကျီအဖြူလက်ရှည်တစ်ထည် လိုအပ်မှန်း
ငါ အစက မသိခဲ့ဘူး
စီးကရက်ရဲ့ အရောင်အဖြူကလည်း
အဖြူရောင်ပါပဲ
သူ့ဘာသာသူ ရှိုးရှိုးသားသား လောင်ကျွမ်းသွားတယ်
ဘဝဆိုတာ အဖြူရောင်တွေကို ရှို့ပစ်လိုက်ရင်း
ထွက်လာတဲ့ မီးခိုးရောင်တွေကို
အဆန်းတကြယ် ငေးမောဂုဏ်ယူတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ရှိက်သွင်းတယ်လို့ ခံစားလို့ရတဲ့အချိန်မှာ
ငါ စီးကရက်တွေ စသောက်ဖြစ်ပါတယ်။

ငါတို့ဟာ လူအဖွဲ့အစည်းကြီး လူစော်နံနေတာတွေကို
ခေတ်အဆက်ဆက် ဆေးလိပ်သောက်ရင်း
ထိုင်ကြည့်နေခဲ့ရတာပါပဲ။

မလွတ်မြောက်ကြတဲ့ လူတွေရဲ့ စိတ်အာရုံမှာ
ပျော်ရွှင်မှုတွေ ပျောက်ဆုံးနေကြတယ်
မနက်မိုးလင်းလို့ လက်ဖက်ရည်ဆိုင်မှာထိုင်လိုက်တော့
အပျော်ဆရာက ငေးတိငေးငိုင်နဲ့ လက်ဘက်ရည်ဖျော်တယ်
သူ့ဆီကနေ လာချပေးတဲ့ ခွက်ထဲမှာ
ဘာတွေများ ပျော်ရွှင်စရာပါမယ်လို့ မင်း မျှော်လင့်ထားလို့လဲ
တောင်ပံချိုးခံထားရတဲ့ မျက်လုံးတွေကို ငါ နေ့တိုင်းတွေ့မြင်နေရတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK

ဘဝဟာ မပျော်ရွှင်တော့ဘူးဆိုရင် သိပ်ကြောက်စရာကောင်းတယ်
ပျော်ရွှင်ဖို့ လိုက်ရှာရတဲ့သူတွေမှာ ဆေးပြား လိင်မှုကိစ္စ ဂီတ စာပေ
သူတို့ သေချင်ရာ ဘာသာဗေဒတွေဆီကို တရွေ့ရွေ့သွားနေကြတာပါပဲ
တကယ်တော့ သူတို့ မပျော်လို့ပါ
အရှမ်းရိုးလွန်းတဲ့ ငါ့သူငယ်ချင်းတစ်ယောက်က
သူ Sex ဒိတ်ဖြစ်မယ့်အကြောင်း ငါ့ကို လာပြောတယ်
'Sex ဒိတ်ဖြစ်ရင် မင်းပျော်မှာလား' လို့ မေးတော့ သူ ငေးငိုင်သွားတယ်
အဖြေကို သူရော ငါပါ သိနေတယ်
ကမ္ဘာမှာ ပျော်ရွှင်ခြင်းတွေ ပစ္စည်းပြတ်နေတာ ကြာပြီလေ
ငါတို့ဟာ ကြုံရာကျပန်း ပျော်ရွှင်ခြင်းတွေကို အတင်းလိုက်ရှာနေကြတာ။

mgyoe.com